# ဒေသဆိုင်ရာအေဂျင်စီများ၏ လုပ်ငန်းဆောင်ရွက်ချက်များ

## ကချင်ပြည်နယ် MSME အေဂျင်စီ

MSME အေဂျင်စီအဖွဲ့ဝင် ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် သောက်ရေသန့် လုပ်ငန်းရှင်(၂)ဦး၊ ဆီစက်လုပ်ငန်းရှင်(၁)ဦးတို့နှင့်တွေ့ဆုံ၍ MSME စီးပွားရေးလုပ်ငန်းရှင်များ ထုတ်လုပ်သည့် ကုန်ပစ္စည်းများအပေါ် ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရန်နှင့် အရည်အသွေးမြင့်မားလာစေရန် စားသုံးသူ ပြည်သူများအား ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုစေရန်နှင့် သတင်းအချက်အလက် အပြည့်အဝ ရရှိစေရန် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



## ကယားပြည်နယ် MSME အေဂျင်စီ

(၈-၄-၂၀၂၆)ရက်တွင် နိုင်ငံ့စီးပွားမြှင့် တင်ရေးရန်ပုံငွေ (ကယားပြည်နယ်) ဖြင့် မုန့်လုပ်ငန်း ၁ ခု၊ သောက်ရေသန့်လုပ်ငန်း ၁ ခု၊ ဘက်ထရီ အားသွင်း ပြုပြင်ရောင်းဝယ်ရေးလုပ်ငန်း ၁ ခု၊ စတိုးဆိုင် ၁ ခုနှင့် ကိုယ်ပိုင်အထက် တန်းကျောင်း ၁ ခု၊ စုစုပေါင်း လုပ်ငန်း ၅ ခုအား ကျပ်၂၃၀ သန်း ထုတ်ချေးပေးနိုင် ခဲ့ပါသည်။



## ကရင်ပြည်နယ် MSME အေဂျင်စီ

MSME အေဂျင်စီအဖွဲ့ဝင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ (၄.၄.၂၀၂၆) ရက်နေ့တွင် ဘားအံမြို့နယ်၊ ဘုရားကုန်းကျေးရွာတွင် ဒေသတွင်းလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်၊ လျှပ်စစ်ဆိုလာ နှင့်သက်ဆိုင်သည့် အသိပညာ၊ အတတ်ပညာများ တိုးပွားစေရန်၊ လျှပ်စစ်ဆိုလာတပ်ဆင်ခြင်း သင်တန်း ဆင်းပွဲအား ကျင်းပပြုလုပ်ခဲ့ပါသည်။



MSME အေဂျင်စီအဖွဲ့ဝင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (၂၅.၄.၂၀၂၆) ရက်နေ့တွင် ဘားအံမြို့နယ်၊ ဖအွံ့ကျေးရွာအုပ်စု၊ မိန်းမလှကျွန်းကျေးရွာတွင် စက်ချုပ်နည်း ပညာသင်တန်းဖွင့်ပွဲ ဆောင်ရွက်ခဲ့ပါသည်။



## တနင်္သာရီတိုင်းဒေသကြီး MSME အေဂျင်စီ

(၉.၄.၂၀၂၆)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊သရက်ချောင်းမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာန (Community centre) ခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များပူးပေါင်း၍ ဒေသခံအမျိုးသမီးငယ် များအား ရိုးရာမုန့်ပြုလုပ်နည်းသင်တန်း ပြုလုပ်ခဲ့ပါသည်။



(၂၄.၄.၂၀၂၆)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်တွင် မြို့နယ်သစ်တော ဦးစီးဌာနမှ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ တောမီးဖြစ်ပွားမှုလျော့နည်းစေရေးနှင့် မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လျှော့ချနိုင်ရေးအတွက် မြို့နယ်သစ်တောဦးစီးဌာန၌ အသိပညာပေးဟောပြောခဲ့ပါသည်။



## ပဲခူးတိုင်းဒေသကြီး MSME အေဂျင်စီ

MSME အေဂျင်စီအဖွဲ့ဝင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ၂၄.၄.၂၀၂၆ ရက်နေ့တွင် ပဲခူးမြို့ရှိ“တုံတုံ”ငါးပိထောင်းလုပ်ငန်းအား ကောင်းမွန်သောသန့်ရှင်းမှုကျင့်စဉ် (GHP) နှင့်အညီ ထုတ်လုပ်ရန် နည်းပညာများဖြန့်ဝေခြင်းလုပ်ငန်းများကို ကွင်းဆင်း၍ အသိပညာပေးခဲ့ပါသည်။



MSME အေဂျင်စီအဖွဲ့ဝင် မြေစာရင်းဦးစီးဌာနမှ ၉.၄.၂၀၂၆ ရက်၊ ၂၀.၄.၂၀၂၆ ရက် နှင့် ၂၁.၄.၂၀၂၆ ရက်နေ့များတွင် ဝေါမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် နတ်တလင်းမြို့နယ်တို့၌ တောင်သူများအား လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေရန်အတွက် လယ်ယာမြေနှင့် ပတ်သက်သည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ပါသည်။



## မကွေးတိုင်းဒေသကြီး MSME အေဂျင်စီ

MSME အေဂျင်စီအဖွဲ့ဝင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ (၂၀.၄.၂၀၂၆)ရက်နေ့မှ (၂၄.၄.၂၀၂၆) ရက်နေ့ထိ မကွေးမြို့၊ အောင်စေတနာရပ်ကွက်တွင် လူသုံးကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသား (၂၀) ဦးတက်ရောက်ခဲ့ပါသည်။



MSME အေဂျင်စီအဖွဲ့ဝင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ (၂၂.၄.၂၀၂၆)ရက်နေ့မှ (၂၆.၄.၂၀၂၆) ရက်နေ့ထိ မင်းဘူးမြို့၊ ဖလံရုံကျေးရွာတွင် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသား (၂၀) ဦးတက်ရောက်ခဲ့ပါသည်။



## မွန်ပြည်နယ် MSME အောင်မြင်ကျင်စီ

စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးနှင့် ပေါင်မြို့နယ်တာဝန်ခံတို့မှ ရေသန့်လုပ်ငန်းရှင်နှင့် တွေ့ဆုံ၍ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။



မုဒုံမြို့နယ်တာဝန်ခံမှ စားသောက်ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်နှင့် မွန်ပြည်နယ်ဦးစီးမှူးရုံးရှိ ဝန်ထမ်းမှ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်နှင့် တွေ့ဆုံ၍ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး MSME အေဂျင်စီ

သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း Food Innovation Center မှ Aroma –2 စားသောက်ကုန်လုပ်ငန်းတို့မှ အရွက်အသီးအနှံတို့ကို Heat Pump Dryer Machine(3P)ဖြင့် အသုံးပြု၍ အခြောက်ခံ ဝန်ဆောင်မှုလုပ်ငန်းကို (၂) ကြိမ် ဆောင်ရွက်ပေးခဲ့ပါသည်။



(၁.၄.၂၀၂၆) ရက်နေ့တွင် Kayan Farmer Enterprise Limited မှ စားသောက်ကုန်ထုတ်လုပ်မှုကို အထောက်အကူ ဖြစ်စေရန်အတွက် နည်းပညာအကြံပေးခြင်း တောင်းခံခဲ့ရာ ထုတ်ကုန်၏ အစား အစာ ဘေးကင်း လုံခြုံရေးဆိုင်ရာ နည်းပညာ အချက်အလက်များကို ဒေါက်တာ သဇင်ဟန်(ညွှန်/မှူး)နှင့် ဌာန များမှ ဌာနမှူးများ တက်ရောက်ဆွေးနွေး အကြံပြုပေးခဲ့ပါသည်။



## ရှမ်းပြည်နယ် MSME အောင်မြင်မှုများ

ရှမ်းပြည်နယ်အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ ဆေးဝါးဌာနခွဲမှ ၂.၄.၂၀၂၆ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ အဝေရာမီးပုံးကွင်းဈေးတွင် ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဓာတုကြာရှည်ခံ ဆေးများအကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကျင်းပခဲ့ရာ (၁၆)ဦး တက်ရောက်ခဲ့ပါသည်။



ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်း သိမ်းရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ်၊ ဧပြီအတွင်း စက်မှုလုပ်ငန်းများနှင့် တောင်သူများအား ပူပြင်းခြောက်သွေ့သည့် ကာလများတွင် တောမီးများ လောင်ကျွမ်းခြင်း၊ တောင်ယာ စိုက်ခင်းများ တည်ထောင်ရန် မီးရှို့ခြင်းများ နှင့် အကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းခြင်းများမှ ထွက်ရှိသည့် မီးခိုးများကြောင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူ ညစ်ညမ်းမှု အခြေအနေများ သိရှိနိုင်ရန်၊ မီးလောင်ကျွမ်းမှုအရေအတွက် လျော့နည်းနိုင်ရန် အသိပညာပေးခြင်း (၁၈) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။



## ရောဝတီတိုင်းဒေသကြီး MSME အေဂျင်စီ

စိုက်ပျိုးရေးဦးစီးဌာန၊ မြောင်းမြမြို့နယ်မှ မြေ၊ မျိုး၊ ပိုးတာဝန်ခံနှင့် ဝန်ထမ်းများသည် (၃.၄.၂၀၂၆)နေ့တွင် မုဆိုးကွင်းကျေးရွာ၊ (၇.၄.၂၀၂၆)နေ့တွင် ဗမော်သုံးခွကျေးရွာနှင့် (၉.၄.၂၀၂၆)နေ့တွင် ကွယ်လွယ်ကျေး ရွာ အုပ်စုတို့၌ နွေစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာ ပေးခြင်း၊ မျိုးကွဲနှုတ်ပယ်ခြင်း၊ ဆောင်းသီးနှံ စိုက်ပျိုးခြင်း ဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှား ရောဂါကျရောက်မှု ကာကွယ် နှိမ်နင်းခြင်း၊ စိုက်ပျိုးခြင်း ဆိုင်ရာ နည်းပညာ ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။



ဟင်္သာတမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ (၆.၄.၂၀၂၆)ရက်နေ့တွင် မြို့ကွင်း၌ စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်စိုက်တိုးမြှင့်၊ မြို့နယ်စိုက်တိုးမြှင့်တို့ ပူးပေါင်း၍ နွေစပါးအစိုက်နှုန်း တိုးတက်စေရန် တောင်သူ ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။



## နေပြည်တော် MSME အောင်မြင်မှုဇာတ်လမ်း

၁၈.၃.၂၀၂၆ ရက်နေ့မှ ၂၂.၃.၂၀၂၆ ရက်နေ့အထိ MSME ထုတ်ကုန်များ စုပေါင်းဈေးရောင်းပွဲတော်ကို ပျဉ်းမနား-တောင်ညိုလမ်းကြီးဘေး နေပြည်တော်၊ သပြေကုန်းတွင် ဖွင့်လှစ်ထားသော Moe Thri Mega Store၌ ကျင်းပခဲ့ရာတွင် လုပ်ငန်းရှင်(၁၄) ဦး၏ ဒေသထွက်ထုတ်ကုန်များ ပြသရောင်းချနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။



## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME အောင်မြင်မှုဇာတ်လမ်း

၂.၄.၂၀၂၆ ရက်နေ့တွင် ပင်းတယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် စိုက်ပျိုးရေးကဏ္ဍ(၉)ဖွဲ့၊ အခြားစီးပွား ကုန်ထုတ်ကဏ္ဍ(၂)ဖွဲ့၊ စုစုပေါင်း(၁၁)ဖွဲ့အား ချေးငွေကျပ်(၅၈၅.၀၀)သန်း ထုတ်ချေးပေးခြင်း၊ စာချုပ် ချုပ်ဆိုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME အေဂျင်စီ

(၂၇-၄-၂၀၂၆)ရက်နေ့တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် နောင်တရားမြို့တွင် သင်တန်းတက်ရောက်မည့် သင်တန်းသားများနှင့်တွေ့ဆုံ၍ သင်တန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

